


ပျူး ၏
ကာရှဖြိုး
ပါဝင်သော
ဝေမာနိက
ချက်တင်
ဇော်ချင်းသစ်
ပန်းနှိုသိန်းရွှေကြည်
2012



ရှော့ခ် M.D
ပွဲကြီး... ကုမ္ပဏီရုံးခန်းထဲ ဝင်လာတော့... ပျံပြင်း နှင့် မိုးလုံးတို့ ရောက်နေကြပြီ...ပျံပြင်း က ဂျာနယ် တစ်စောင် နှင့်... ငြိမ်နေသလို မိုးလုံး က ကော်ဖီပူပူ ကို အေးသွားအောင် တဖူးဖူး မှုတ်နေ၏....
ဘောစိ နောက်ကျလိုက် တာ...
အေးကွာ ငယ်ငယ် တုန်းက... သူငယ်ချင်းတွေ နဲ့ တွေ့နေလို့ မိုးလုံး ရ... ကဲ... ဘာတွေထူးလဲ....
ထူးတာက... ဆောက်လုပ်ရေး မဟုတ်ဘူး... စိုက်ပျိုးရေး ကွ...
ပွဲကြီး ၏ မေးခွန်းကို ဂျာနယ်ဖတ် နေသော ပျံပြင်း က ဖြေ၏...
ဘာထူးလို့ လဲ....


စက်မှု လယ်ယာကိုစံချိန်မီ လုပ်ကြကိုင်ကြတော့ မယ်တဲ့...
သတင်းထဲမှာ လား...
မဟုတ်ဘူး ကြော်ငြာမှာ...
ဘာဖြစ်လို့ လဲ ...
အဟမ်း... ကျန်းမာသည့် မွေးကော (၄၀) ပိုင်သော... လူပျိုကြီး ဖြစ်ပါသည်... စက်မှု လယ်ယာသို့ ချိတက်ရန် အတွက်...
ထွန်စက်ပိုင် အမျိုးသမီး (အပျို) တစ်ယောက် နှင့် ရင်းနှီးလို၏... (လက်ထပ်ရန်အထိရည်ရွယ်သည်) စိတ်ဝင်စားသူအမျိုးသမီးများ အောက်ပါလိပ်စာသို့...
ထွန်စက်ဓါတ်ပုံကို ဦးစွာပေးပို့ဆက်သွယ် ပါရန်တဲ့...


အဟုတ် မှတ်လိုက်ကွာ...
အေး... အပြောင်း အလဲကာလမှာ မြေစမ်း ခရမ်းပြိုးတာတွေများနေ လို့... ညစ်နေတာတွေ လစ်သွားအောင်... လျှောက်ပြောကြည့် တာ...
အေးကွာ အခုလည်း တို့ကွန်စထရပ်ရှင်တွေအတွက်... ဒပို့စစ် သိန်းတစ်ရာကနေ... သိန်းငါးရာ တဲ့ ဘယ်လို လုပ်မလဲ....
ရှာလို့ဖွေလို့ ရသမျှ အကုန်ထိုး အပ်လိုက်ရုံရှိတော့ တာပေါ့...
ခက်တယ်ကွာ... တော်ကြာ စင်္ကာပူလိုလုပ်မယ်... တော်ကြာ ဂုံးကျော်တံတား တော်ကြာ မြေအောက်ရထား နဲ့ ရှုပ်ယှက်ကို ခတ်နေတာပဲ...


အေးလေ နောက်ပိုင်း ဆောက်သမျှ... ကားပါကင် ပါရ မယ်တို့ ဓာတ်လှေကား တို့ ငလျင်ဒဏ်ခံနိုင်ရည်ရှိဖို့တို့ ဟား... စုံနေတာပဲကွာ...
ထိုစဉ် စာရေးမလေး တစ်ယောက် ဝင်လာ၏...
ညည်းမနေနဲ့ဟေ့... စနစ်ပြောင်းသူဌေး... ခေတ်ပြောင်းသူဌေးဖြစ် အောင်... ရတဲ့ ခွင်သာဝင် ဖွဲ့ကြတော့...
ကဲ... ပြော ဒီနေ့ ဘာ အစီအစဉ် တွေ... ရှိလဲ...
ဟုတ်ကဲ့ရှင့်... ဆရာ ပျူပြင်း က... လှိုင်သာယာဆိုက် ကို စစ်ဆေးဖို့... ဆရာ မိုးလုံး က မြောက်ဒဂုံဆိုက် ကို... ကြီးကြပ်ဖို့ ရှိပါတယ်...
M.D ကတော့ ဆယ်နာရီမှာ... ဦးလှနိုင် နဲ့... တွေ့ဖို့ ချိန်းထားပါ တယ် ရှင်...


ဪ... ဟုတ်ပြီ... ရှေးဟောင်းအိမ်ကို ဒက်ကာရေးရှင်း ပြန်လုပ်ဖို့ အလုပ်အပ်ထားတဲ့ ကပ်စတန်မှာ သူ့တိုက် ဓာတ်ပုံတွေနဲ့... ထွက်ထားတဲ့ အချက်အလက်တွေကော...
M.D စားပွဲပေါ်က ဖိုင်အစိမ်းထဲမှာ အဆင့်သင့်ပါပဲ ရှင်...
အိုကေ... ကဲ မိုးလုံး နဲ့ ပျူပြင်း ကြွကြတော့...
အေား...
ပွကြီး အခန်းထဲမှ အားလုံး ထွက်သွားကြ၏... G.T.C နှင့် ကျောင်းပြီး ထားသော ပွကြီး က... ဆောက်လုပ်ရေး နှင့် အိမ်အလှဆင်လုပ်ငန်း အကျိုးဆောင်ပေးသော ကုမ္ပဏီ ထူထောင်ထားသည်...

မိဘအမွေအနှစ် လုပ်ငန်းအား ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်၍... အတော်အသင့် အောင်မြင်အောင် ဦးဆောင်နိုင်ခဲ့သည်... ဖွကြီး က ဖိုင်အစိမ်းကို ဖွင့်၍... အသေးစိတ် တွက်ချက်ထားမှုအား လေ့လာစူးစမ်းလိုက်သည်...




လေ့လာသုံးသပ်နေစဉ် တံခါးခေါက်သံ ထွက်လာ၏...
တံခါး အနည်းငယ် ဟ သွား
ပြီး... စာရေးမလေး မျက်နှာ
ပေါ်လာသည်...
M.D
ဦးလှနိုင် ရောက်
ပါပြီ ရှင်...
အထဲကို
လွှတ်လိုက်ပါ...
ဟုတ်ကဲ့ရှင့်...
ချက်ချင်းဆိုသလိုပင် ဦးလှနိုင် ဝင်လာ၏...
မှူးကြီး က ကပ်စတန်မာ ကို ထရပ်၍
ကြိုဆိုလိုက်သည်....      ...


ပွဲကြီး ... ဦးလှနိုင် နှင့်... နာရီဝက်ခန့် ဆွေးနွေး
လိုက်ရ၏... ဦးလှနိုင် ထံမှ အလုပ်အတွက်...
စရံငွေသိန်းတစ်ရာ ပွဲကြီး စားပွဲပေါ်ရောက်
လာသည်.... ...
လုပ်ငန်းစာချုပ်
တစ်စောင် ဦးလှနိုင်
အား... ပြန်ပေးလိုက်
၏....
သတ်မှတ်ရက် အတိုင်း ပြီးဖို့ မျှော်လင့်ပါတယ်....
စိတ်ချပါ အန်ကယ်... ယုံကြည်စိတ်ချ... တိကျ မှန်ကန် ရွှေဘုံစံ ဆိုတာ ကျွန်တော် တို့ ကွန်စထရပ်ရှင် နဲ့... ဒက်ကရေးရှင်း မသကာစ ရဲ့ ဆောင်ပုဒ်ပါ...
အိုကေ... ဆီးယူ လိတ်တား...
ပွဲကြီး ဦးလှနိုင် အား နှစ်လိုဖွယ် ပြုံးပြလိုက်၏...



စားသောက်စရာများကို အလုပ်သမားလေး နှစ်ယောက်က ပြင်ဆင်ပေးကြ၏... မှူကြီး နှင့် အဖွဲ့ ဦးလှမိုင် တိုက်ကြီးသို့... ရောက်နေကြခြင်း ဖြစ်သည်.... ....
ဝန်ထမ်းသုံးယောက်က... ရှေးဦးတိုင်းတာမှုများ ပြုလုပ်နေသည်... ပရော့ဂျက်ပလန်ကို သေးချပြီး ဘီယာခွက်ကို... မှူကြီး ကောက်ကိုင်လိုက်၏...
အားလုံး စိတ်ချရပြီးသား တွေပါကွာ...
ဒါပေါ့... တို့တွေ ပြင်းနေတာ တစ်ပတ်လောက်ရှိပြီ ဒီနေ့တော့ ကောင်းကောင်း နားရမယ်...


သုံးယောက်သား ဘီယာခွက်ချင်းတိုက် လိုက်ကြသည်...
ပြီးတော့ အပြိုင် အဆိုင် မော့ကြ၏...
မိုးလုံး မျက်နှာမကောင်း ဖြစ်နေတာ သတိပြုမိ၍...
မိုးလုံး မင်းဘာဖြစ်နေ တာလဲ...
အေးလေ... သောက်ရစားရတာတောင် မျက်နှာက မကြည် မသာ နဲ့....
အင်း... မိန်းမ နဲ့ ကွိုင်နည်းနည်းရှိ လို့ပါ...
ဟုတ်လား... ပြောစမ်းပါဦး ဘာဖြစ်ကြတာလဲ...
မိန်းမက... ဗို့ကို တစ်လတိတိ... စကားမပြောဘူးလို့ ကြိမ်းထားလို့...


ဪ... ဒါကြောင့် ဝမ်းနည်း နေတာပေါ့... ဟုတ်လား...
မဟုတ်ပါဘူးကွာ ဒီနေ့ တစ်လပြည့်တဲ့နေ့ မို့လို့ ညစ်နေတာ...
ဟော...
ခိုးလုံး ၏ အပြော ကြောင့်... ပွဲကြီး နှင့် ပွဲပြင်း ... ဘီယာ သီးမတတ်ရယ် ကြ၏...
ဟား.. ဟား.. ဟား.. ဟား..
မင်းတို့ကွာ... မိဘသဘောမတူတဲ့ ကြားက ခိုးပြေးခဲ့ကြ ပြီးမှ...
ခိုးချင်လို့ ခိုးရတာမှမဟုတ် ဘဲ...
ဟော... ဖြစ်ရပြန်ပြီ... ကဲ... လင်းစမ်းပါဦး...


သမီးရည်းစားဘဝ နောက်ဆုံးနေ့မှ... ယောက္ခမ လောင်းတွေက... ငါ့ကိုခေါ်ပြီး အင်တာဗျူး လုပ်တယ်လေ...
အဲဒီတော့.....
သဘောမတူကြဘူး... ခပ်တင်းတင်းပဲ... ဒါနဲ့... ပါက... အန်ကယ့် သမီး ကို မရရင်... ကျွန်တော် သေရပါလိမ့်မယ်... သနားသဖြင့်... ခွင့်ပြုပေးပါလို့ တောင်းပန်ရတာပေါ့...
ဘာမပြောညာမပြောနဲ့ ငွေနှစ်သိန်း ထုတ်ပေးပြီး... ကိုကျော်ဘို နဲ့လည်း ဆက်သွယ်ပေါ့... ဒီလောက်ဆို ရက်လည် မုန့်ဟင်းခါးပါ... ကျွေးလို့ ရပါတယ်လို့ ရိတော့တာပေါ့... ...
သူတို့က ဘာပြန်ပြောလဲ...


ဟား... ဟား... ဟား... တစ်ခါတည်း မသာစရိတ် ထုတ်ပေးတဲ့ သဘောပေါ့...
အေး... အဲဒါကြောင့် ပါတင်းပြီး ခိုးပြေး ခဲ့တာ...
မိုးလုံး တို့ ဝိုင်းပြီး နှစ်သိမ့်ကြသည်...
အေးလေ မင်းမိန်းမမှာ ဘာအပြစ်ရှိလို့လဲ မချက် တတ်... မပြုတ်တတ်လို့ လား...
ချက်တော့ ချက်ပါတယ်... ဒါပေမဲ့ သူချက်တာကို ပါစားလို့ မရသလို... တစ်ရပ်ကွက် လုံးလည်း မကြိုက်ကြ ဘူးကွ...
လင်နဲ့ မယားပဲကွာ...


ဟား... ဟား... ကွတ်ကင်းချာတူးလန် ဘုရင်မပေါ့ ဟုတ်လား...
ဒါတင်ကမလား သုံးနှစ်လုံးလုံး စိတ်သဘော ထား... တိုက်ဆိုင်တာဆိုလို့... တစ်ခါပဲ ရှိခဲ့ဖူးတာ...
ဟုတ်လား ဘယ်တုန်းကလဲ...
ဟိုတစ်ခါ ငျောင် ရှုပ်တုန်းကပေါ့... မတိုင်ပင် ရဘဲနဲ့ကို အတူတူဆင်း ပြေးခဲ့ကြတာလေ...
မင်းမိန်းမ တော်တာတွေကျန် ပြီလား မိုးလုံး ...


တစ်ထောင့်
တစ်ည ပြောရင်တောင်
ကုန်နိုင်မယ် မထင်ပါ
ဘူးကွာ...
လုပ်စမ်းပါဦး
ပါတို့အလှည့်မှာ
နှိပ်ကွပ်လို့ရအောင်...
မိန်းမက ပျော်းကွ
သန့်ရှင်းရေးကို ဘယ်တော့မှ
မလုပ်ဘူး... မှန်တွေကို ဖုန်
အလူးလူး နဲ့...
ဒါတော့...
လွန်တာပေါ့...
ဒါနဲ့... ပါလည်း သန့်ရှင်းရေး လုပ်စေချင်လို့... မှန်တံခါးက ဖုန်တွေ
ပေါ်မှာ သူ သတိပြုမိအောင်... စာရေးခဲ့တာ...
ဘယ်လို
ရေးခဲ့လဲ...


မင်းကို သိပ်ချစ်တယ်လို့
ဟား... ဟား... ဟား... ပိုင်တယ်ကွာ... ဖုန်ထက် အက္ခရာတင်ထား တော့... သူ့ သတိပြုမိပြီး ဖုန်တွေ သုတ်ပစ်လိုက် မှာပေါ့...
ဟင့်အင်း... ညနေ အလုပ်က ပြန်လာလို့ မှန်တံခါးကို ကြည့် တော့... ဖုံစာအောက်မှာ... သူကလည်း စာတစ်ကြောင်းရေး ထားတယ်လေ... ဖုန်တွေကတော့ ဒီအတိုင်းပဲ...
ဟင်... ဟုတ်လား ဘယ်လို ရေးထားလဲ...
ခင်လည်း မောင့်ကိုချစ်ပါတယ် တဲ့...
ဟား... ဟား... ဟား... ဟား...


ဒီလောက် နမော်နမဲ့နိုင်တဲ့ မိန်းမ နရင်းသာအုပ်လိုက်ပါ တော့ကွာ...
နေပါဦး... မင်းကို တစ်လတိတိ စကားမပြောဘူးလို့ ကြိမ်းတာ ဘာဖြစ်လို့လဲ...
ငါဝယ်ခဲ့တဲ့ ရုပ်ရှင်လက်မှတ် နှစ်စောင်ကြောင့်...
ဟာ... သူ ဒါကို ဝမ်းသာရမှာ မဟုတ်လား...
ဟုတ်တော့ ဟုတ်တယ်... ဒါပေမဲ့ လက်မှတ်က အဟောင်း ဖြစ်နေပြီ...
ဘယ်လို... ဘယ်လို...
ဟား... ဟား... မင်းတို့ဟာက... နှစ်ယောက်လုံးလွန်တာ ကိုးကွ...
ငါက... သူနဲ့ကြည့်ခဲ့တာမှ မဟုတ်တာ...


ကဲ... တော်ပါ
တော့ကွာ သောက်ထား
တဲ့... အရှိန်တောင် ရယ်ရ
လွန်းလို့ ဘယ်ရောက်
ကုန်မှန်းမသိဘူး...
ပွဲကြီး တို့အုပ်စု အပြော
ရပ်ပြီး အသောက်
ဘက်သို့ လှည့်၏...
မှောင်စပျိုးတွင် အလုပ်သမား
နှင့် ဝန်ထမ်းများ ပြန်သွား
ကြသည်... ...
သောက်အားကောင်းတော့... ခပ်ထွေထွေ နှင့်
ရီဝေဝေ ဖြစ်လာသည်... မိုးလုံး က အိမ်ကြီး ကို
လှည့်ပတ်ကြည့် ရင်း....
ဒီလိုအိမ်မျိုးမှာ
လသာဆောင်တို့
မြေအောက်ခန်းတို့ရှိ
တတ်တယ်ကွ...


အေး... လှည့်ပတ် ကြည့်ကြမလား...
လုပ်လိုက်လေ...
ပွဲကြီး ဦးဆောင် ထရပ်လိုက်၍ ပွဲပြင်း တို့လည်း မနေသာတော့... အိမ်ကြီးအတွင်း လှည့် ပတ်ကြည့် ရှုကြ၏... ...
ဦးလှနိုင် တို့က မူလပိုင်ရှင်ပဲလား...
အေး... ထင်တာပဲ...
၂၀